
သစ္စာနီ တည်းဖြတ်သည်

mgyee.com SAMPLE BOOK

သိရိ မြန်မာပြန်

# လျှို့ဝှက်ခုနစ်ဖော်


Win Through by Enid Blyton



mgyoe.com SAMPLE BOOK

# Secret Seven Win Through

Enid Blyton



K0336

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်နှင့် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ကိုရဲ
အတွင်းဒီဇိုင်း Credit for original illustrators

တန်ဖိုး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# လျှို့ဝှက်ခုနစ်ဖော်

သီရိ(မြန်မာပြန်)

## The Secret Seven

### Secret Seven Win Through

by Enid Blyton



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်စကား

## (၁)

အင်္ဂလိပ်စာပေလောကမှာသာမက ကမ္ဘာ့စာပေလောကမှာပါ ထင်ရှားကျော်ကြားလှသည့် ဆရာမကြီး Enid Blyton အန်နစ်ဘယ်လ်တွန်ကို ဩဂုတ်လ ၁၁ ရက် ၁၈၉၇ တွင် လန်ဒန်တောင်ပိုင်း၌ မွေးဖွားခဲ့သည်။ အသက် ၇၁ နှစ်အရွယ် ၁၉၆၈ နိုဝင်ဘာ ၂၈ တွင် အင်္ဂလန်၌ပင် ကွယ်လွန်သည်။ သူရေးသော ဆယ်ကျော်သက်အရွယ်ဖတ်စရာ Mini Novella ခေါ်သည့် ဝတ္ထုလတ်ကလေးများသည် ၁၉၃၀ ပြည့်နှစ်ကတည်းက ကမ္ဘာပေါ်တွင် ရောင်းအားအကောင်းဆုံးစာရင်းဝင်ကာ နိုင်ငံပေါင်းများစွာက ဘာသာပြန် ၉၀ ကျော် ပြန်ဆို ထုတ်ဝေပြီး စောင်ရေပေါင်း သန်း ၆၀၀ ကျော် ရောင်းချခဲ့ရသည်။ သူ့ပထမဆုံး စာအုပ်မှာမူ ၁၉၂၂ က ထုတ်ဝေခဲ့သည့် Child -Whispers အမည်ရှိ စာမျက်နှာ ၂၄ မျက်နှာသာရှိသည့် ကဗျာစာအုပ်ကလေး ဖြစ်သည်။

သူသည် ကလေးများ စိတ်ဝင်စားအောင် လျှို့ဝှက်ဆန်းကြယ် သည်းထိတ်ရင်ဖို၊ သဘာဝသမိုင်း၊ စွန့်စားခန်း စသည့် ဇာတ်ကြောင်းများကို ရေးဖွဲ့လေ့ရှိပြီး အထင်ရှားဆုံးမှာ ယခု ဘာသာပြန်ဖော်ပြသည့် Secret Seven နှင့် Famous Five ဇာတ်ကောင်စီးရီးများဖြစ်သည်။ Famous Five သည် ဂျူလီယန်၊ ဒစ်၊ ဂျော့၊ အင်နီ နှင့် တင်မီ ဆိုသော ဇာတ်ကောင်ကလေး ငါးဦးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဗဟိုပြုရေးဖွဲ့၍၊ Secret Seven ကမူ ပီတာ၊ ဂျဲနက်၊ ဂျက်၊ ပင်မ်၊ ဘာဘရာ၊ ကောလင်း၊ ဂျော့ဆိုသော ကလေးဇာတ်ကောင်ခုနစ်ယောက်ကို အဓိကထား ရေးဖွဲ့ထားသည်၊ စကမ်ဘာဆိုသော စပန်နယ်အမျိုးအစား သဘော်ခွေးလေး သည်လည်း ထိုဝတ္ထုများတွင် မပါမဖြစ် ဇာတ်ကောင် ဖြစ်သည်။ လျှို့ဝှက်ခုနစ်ဖော်စာအုပ်အတွဲ ၁၅ အုပ်ကို ၁၉၄၉ နှင့် ၁၉၆၃ ခုနစ်တွင် ရေးသား ထုတ်ဝေခဲ့သည်။

(၂)

မြန်မာနိုင်ငံတွင် ကလေးစာပေပွဲတော်များ စဉ်ဆက်မပြတ် ကျင်းပနေတာ မြင်ရသည်မှာ အားရဝမ်းသာစရာ ကောင်းလှပေသည်။ စာဖတ်သူမျိုးဆက်သစ်များကို မွေးထုတ်နေသည့် ပွဲများဟု မြင်သည်။ ကလေးဘဝမှာ စာဖတ်မှ လူကြီးဘဝ ရောက်သောအခါ ဝါရင့်စာဖတ်သူ ဖြစ်လာမည်။ ထို့ကြောင့် စာဖတ်သောအလေ့အကျင့်ကို ကလေးဘဝကပင် စတင်မွေးမြူပေးရမည်။ ကလေးများအတွက် ရည်ရွယ်ထုတ်ဝေနေသော စာအုပ်များကို လေ့လာကြည့်သောအခါ အများစုမှာ ပုံပြင်စာအုပ်များ ဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်တော်သည်ပင် ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ အမည်ဖြင့် စာအုပ်ထူကြီးနှစ်တွဲ ထုတ်ဝေခဲ့သည်။ မြီးကောင်ပေါက်ဟုခေါ်သော ဆယ်ကျော်သက်စာဖတ်သူများအတွက် ရည်ရွယ်ထုတ်ဝေသော စာအုပ်များမှာမူ မရှိသလောက်နည်းပါးလှသည်ကို တွေ့ရသည်။

ယခု သီရိပြန်ဆိုသည့် လျှို့ဝှက်ခုနစ်ဖော် စာအုပ်မှာ ထိုကွက်လပ်ကို ဖြည့်ဆည်းရန် ကြိုးပမ်းမှုတစ်စုံတစ်ရာဟု မြင်ပါသည်။ ဇာတ်ကောင်ဆယ်ကျော်သက်ကလေးများ၏ စိတ်ဝင်စားဖွယ် စွန့်စားခန်းများမှာ ဆယ်ကျော်သက်စာဖတ်သူများကို ကောင်းစွာ ဖမ်းစားနိုင်လိမ့်မည် ထင်ပါသည်။ နောင်လည်းဆက်၍ Enid Blyton ၏စာအုပ်များကို ဆက်လက် ပြန်ဆိုကာ တင်ပြသွားမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ချစ်ခင်စွာဖြင့်

**သစ္စာနီ**

■

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း (၁)

## အားလပ်ရက်များ စတင်ခြင်း



mgyoe.com

mgyoe.com

ပီတာ။ ။ "နောက်ဆုံးတော့ အီစတာအားလပ်ရက် ရောက်လာပြီ၊ ငါတော့ သူတို့ လာမယ် မထင်ဘူး၊ နင်ရော ဘယ်လို ထင်လဲ ဂျဲနက်"

ဂျဲနက်။ ။ "ဟုတ်တယ်၊ ဒါဟာ ခြောက်ချားစရာတွေ ပြည့်နေတဲ့ ကာလရှည်ကြီးတစ်ခုပဲ၊ တို့ အခု တွေးနေတာတွေရပ်ပြီး ကောင်းတာတွေ တွေးကြစို့"

ပီတာ။ ။ "ကောင်းပါ့၊ လွတ်လပ်တဲ့ ခံစားမှုမျိုးရတယ်၊ ဒီအားလပ်ရက်က ငါ့ကို အသက်ကြီးသထက် ပိုကြီး လာအောင် ဆွဲဆန့်နေသလိုပဲ၊ ပျော်စရာကောင်းတာတစ်ခုခု လုပ်ကြရအောင် ဂျဲနက်ရေ"

ဂျဲနက်။ ။ "အေး... လုပ်ကြတာပေါ့၊ အေပရယ်က နှစ်လိုစရာကောင်းတဲ့ လပဲ၊ နေလည်း သာတယ်၊ နွေးလည်း နွေးထွေးတယ်၊ ဘယ်နေ့ ငါတို့ပျော်ပွဲစားသွားချင်ချင် အမေက ခွင့်ပြုမှာပဲ၊ စကမ်ဘာရေ ကြားလိုက်လား၊ ပျော်ပွဲစားဆိုတာလေ၊ အဲဒါ နင့်အတွက်တော့ ယုန်အမဲလိုက်ပွဲနဲ့ လမ်းအဝေးကြီး လျှောက်ရမယ့် အရာပဲ"

"ဝူး"ဟုစကမ်ဘာက အသံပေးလိုက်သည်။ သူ၏ အမြီးကို ကြမ်းပြင်ပေါ်မှာ ပုတ်လို့၊ မျက်လုံးတွေကလည်း အရောင်တောက်ပနေသည်။

"မင်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးနဲ့ အမိုက်ဆုံး ရွှေရောင်သဘော် ခွေးလေးပဲ" ဟု စကမ်ဘာခေါင်းကို ပွတ်သပ်ပေးရင်း ဂျဲနက်က ပြောလိုက်သည်။

"နင့်ရဲ့ တွဲကျနေတဲ့ နားရွက်ရှည်ကြီးတွေကိုလည်း ငါ တကယ် ချစ်တယ်၊ ငါတို့ အားလပ်ရက်ရတာ နင် ပျော်တယ် မဟုတ်လား"

"ဝူး" ဟု စကမ်ဘာက ထပ်အသံပြုလိုက်သည်။ သူ့အမြီးကို တဘုတ်ဘုတ် ပုတ်သည်။

ပီတာ။ ။ "လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေးကို တတ်နိုင်သမျှ မြန်မြန်လုပ်ဖို့ ငါထောက်ခံတယ်၊ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် မနက်ဖြန် ပျော်ပွဲစားလည်း ငါတို့အားလုံးတူတူသွားရင် ပိုပျော်ဖို့ကောင်းမယ်လို့ ငါထင်တယ်"

ဂျဲနက်။ ။ "ဟုတ်တယ်၊ အစည်းအဝေး လုပ်ကြရအောင်၊ စာမေးပွဲနဲ့ တခြားဟာတွေကြောင့် လျှို့ဝှက်ခုနစ်ဖော်က လူ့အဖွဲ့အစည်းကို မေ့လျော့နေကြတယ်"

ဂျဲနက်။ ။ "ဒီအကြောင်းနဲ့ပတ်သက်ပြီး သုံးပတ်လုံးလုံး ငါမတွေးဘဲနေခဲ့တာ၊

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ဟယ်… စကားဝှက်က ဘာပါလိမ့်''

ပီတာ။ ။''အိုး… ဂျဲနက်၊ အဲတာကိုတော့ နင် မမေ့လိုက်ပါဘူးနော်''

ဂျဲနက်။ ။''နင် ငါ့ကို ပြောပြလေ''

ဂျဲနက်က မေးသော်လည်း ပီတာက မပြော။

ဂျဲနက်။ ။''နင်ကိုယ်တိုင်တောင် မမှတ်မိတာလား၊ နင် မမှတ်မိဘူး၊ ငါလောင်းရဲတယ်''

ပီတာ။ ။''ကြောင်တောင်တောင်တွေ မလုပ်စမ်းနဲ့၊ အကယ်၍ ငါတို့အစည်းအဝေး ရှိတယ်ဆို မနက်ဖြန် နင် သတိရဖို့ လိုတယ်၊ အမှတ်တံဆိပ် ရင်ထိုးရော၊ နင် ပျောက်သွားပြီလို့ ငါ ထင်တယ်''

ဂျဲနက်။ ။''မပျောက်ပါဘူး၊ ဒါပေမဲ့ တခြားလူတွေတော့ ပျောက်ကုန်လောက်



ပြီလို့ ငါလောင်းရဲတယ်၊ ငါတို့ အစည်းအဝေးမရှိတဲ့ အခါတိုင်း တစ်ယောက်ယောက်ကတော့ ပျောက်နေကျပဲ''

ပီတာ။ ။''တခြားငါးယောက်အတွက် စာတိုလေးတွေ ရေးရင်ကောင်းမယ်၊ မနက်ဖြန်လာဖို့ သူတို့ကို ပြောရမယ်၊ စာရွက်အလွတ် ရနိုင်မလား ဂျဲနက်''

ဂျဲနက်။ ။''အေး… ငါပေးလိုက်မယ်၊ ဒါပေမဲ့ ပထမဆုံးအားလပ်ရက်မှာ စာထိုင်ရေးရမှာတော့ ဖီလင် မလာဘူး၊ သူတို့ဆီ စာရေးဖို့ နင်

mgyoe.com

ပျော်ပျော်ရွှင်ရွှင် ကူညီမယ် မဟုတ်လား''

ပီတာ။ ။''ဟင့်အင်း… မရေးဘူး၊ ငါက နင့်စာတွေကို စက်ဘီးနဲ့ ပတ်ပို့ပေး ရမှာလေ''

ဂျဲနက်။ ။''နင်က တော်တော်ကြောင်တာပဲ၊ အားလုံးအိမ်ကို သွားမယ့် အတူတူ အစည်းအဝေးအကြောင်းပါ တစ်ခါတည်း ပြောခဲ့ပါ လား၊ ဘာလုပ်ဖို့ စာရေးတော့မှာလဲ၊ နင်ပဲ ပြောခဲ့လိုက်ပေါ့''

ပီတာ။ ။''ကောင်းပြီ၊ စာပို့တာက ပိုပြီး တရားဝင်ဖြစ်တယ်လို့ မြင်လို့ ပါဟာ၊ ငါတို့အစည်းအဝေး ဘယ်အချိန်လုပ်ရင် ကောင်းမလဲ။

ဂျဲနက်။ ။''ဆယ်နာရီခွဲလောက်ဆို သင့်တယ်လို့ ငါ ထင်တယ်။ ပြီးတော့ ဂျက်ကို သူ့ရဲ့ညီမ ဆူဇီ သိသွားတာမျိုး၊ တံခါးကို တဒုန်းဒုန်း လာထုပြီး ကြောင်တောင်တောင် စကားဝှက်တွေ အသံကုန် လာအော်တာမျိုး မဖြစ်စေနဲ့လို့ သတိပေးခဲ့''

ပီတာ။ ။''အေး… ငါ ပြောလိုက်မယ်၊ အဆိုးဆုံးကတော့ ဆူဇီက သိပ် ထက်မြက်တယ်၊ ပြီးတော့ လျှို့ဝှက်ခုနစ်ဖော် လုပ်တာမုန်းသလို့ သူက အမြဲ အနှံ့ခံမိနေတာပဲ''

ဂျဲနက်။ ။''သူ့ကို အဖွဲ့အပြင်မှာထားတာထက် အထဲမှာထားတာ ပိုကောင်း တယ်၊ ဒါပေမဲ့ ငါတို့ ဘယ်တော့မှ သူ့ကို အဖွဲ့ထဲဝင်ခွင့် မပြု နိုင်ဘူး''

ပီတာ။ ။''ဘယ်တော့မှ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ဟာ ခုနစ်ယောက်ထက် ပိုလို့ မရဘူး၊ ပိုရင်လည်း လျှို့ဝှက်ခုနစ်ဖော် မဟုတ်တော့ဘူး''

စကမ်ဘာက ''ဝူး'' ဟု အသံပြုလိုက်သည်။

ဂျဲနက်။ ။''သူက သူလည်း ပါတယ်လို့ ပြောနေတယ်၊ ငါတို့က ခုနစ်ယောက် ဆိုရင် သူပါပါရင် ရှစ်ယောက်ပေါ့၊ တောင့်ခံထားပါ စကမ် ဘာရယ်၊ မင်း မရှိဘဲလည်း ငါတို့ ဘာမှ မလုပ်နိုင်ဘူး''

''ကောင်းပြီ၊ ငါ စက်ဘီး သွားယူလိုက်ဦးမယ်''

ပီတာက ပြောကာ ထလိုက်၏။

ပီတာ။ ။''သူတို့ အားလုံးဆီကို ငါပတ်သွားပြီး ပြောလိုက်ဦးမယ်၊ နောက်မှ တွေ့မယ် ဂျဲနက်ရေ၊ လာခဲ့ စကမ်ဘာ''

သူ တစ်အိမ်ပြီးတစ်အိမ်ကို စက်ဘီးစီးသွားလိုက်သည်။ ကောလှိုင်း

m y o e . c o m

SAMPLE BOOK


အိမ်ကို သူ အရင်ရောက်သွားသည်။ သတင်းကြားရတော့ သူ ပျော်သွားသည်။
ကောလင်း။ ။ ကောင်းတယ်၊ ဆယ်နာရီခွဲ၊ စကားဝှက်က ဘာလဲ ပီတာ။

"မင်းမှာ စကားဝှက်ကို စဉ်းစားဖို့ တစ်နေ့လုံး အချိန်ရတယ်"

ပီတာက ပြုံးဖြဲဖြဲနှင့် ပြန်ဖြေပြီး ဂျက်ဆီသို့ စက်ဘီးနင်းသွားလိုက်သည်။ ဂျက်က သူ့စက်ဘီး နောက်ဘီးပေါက်တာကို ဖာနေသည်။ ပီတာကို မြင်တော့ သူ အလွန်ပျော်သွား၏။

ပီတာ။ ။ "မနက်ဖြန်မနက် ငါတို့ခြံဝင်းထဲကဂိုဒေါင်ထဲမှာ လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေး ရှိတယ်၊ မင်းဆီမှာ မင်းရဲ့ ရင်ထိုးတံဆိပ် ရှိသေးလား၊ မင်းညီမ ဆူဇီက တွေ့ပြီး ယူမသွားလောက်ပါဘူးနော်"

ဂျက်။ ။ "ငါ့မှာ ရှိပါတယ်၊ ညတိုင်း ငါ့ညဝတ်အင်္ကျီမှာ တပ်ပြီးအိပ်လို့



အဲဒါက လုံခြုံပါတယ်၊ စကားဝှက်ကရော ဘာလဲ ပီတာ"

"ငါပြောနိုင်တယ်" ဆိုသည့် အသံတစ်ခု သူတို့ အနီးအနားသစ်ပင်မှ ထွက်ပေါ်လာသည်။ ကြည့်လိုက်တော့ ဆူဇီက စပ်ဖြဲဖြဲမျက်နှာနှင့် သူတို့ကို ငုံ့ကြည့်နေ၏။

"နင် မသိပါဘူး"

ဂျက်က အော်ပြောလိုက်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

''သိတယ်၊ သိတယ်''

ဆူဇီက စိတ်တိုတိုနှင့် ပြန်ပြောသည်။

''ဒါပေမဲ့ ငါ နင့်ကို ပြောမပြဘူး၊ နင် အစည်းအဝေးတက်ရမှာလည်း မဟုတ်တော့ဘူး၊ ဘယ်လောက် ရယ်စရာ ကောင်းလိုက်သလဲ''

ပီတာ သူတို့ ခုနစ်ယောက် အနားယူရာနေရာသို့ ပြန်စီးလာခဲ့သည်။ အဲဒါ ဆူဇီပဲ၊ ကမ္ဘာပေါ်မှာ စိတ်တိုစရာ အကောင်းဆုံး ကောင်မလေး။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

# လေပြင်းတိုက်ခြင်း



mgyoe.com

နောက်နေ့မနက်တွင် ပီတာနှင့်ဂျဲနက်တို့သည် အစည်းအဝေးအတွက် ပြင်ဆင်နေကြသည်။ အစည်းအဝေးက မည်မည်ရရ မဟုတ်သော်လည်း သူတို့ စကားပြောရင်း စားသောက်ဖို့ စားစရာသောက်စရာတွေကတော့ အလျှံပယ်ပင် ဖြစ်သည်။ သူတို့အမေက ကိတ်၊ ဘီစကွတ်နှင့် သံပရာရည်များ အမြဲပေးနေကျ၊ ထို့ကြောင့် ကလေးနှစ်ယောက်တို့သည် သူ့အမေရှိရာသို့ လာခဲ့သည်။

"ဟယ်လို"

သူမက နံနံပင်တချို့ လှီးနေရာမှ လှမ်းနှုတ်ဆက်လိုက်၏။

"ဒီနှစ်ယောက် ဘာဖြစ်လာကြပြန်တာလဲ"

ပီတာ။ ။"သားတို့ လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေးသွားမလို့၊ ပြီးတော့ ဟိုရောက်ရင် စားဖို့စားစရာ၊ သောက်စရာနည်းနည်း လိုချင်လို့"

"ကောင်းပြီ ငါကြည့်ကြည့်လိုက်ဦးမယ်၊ မင်းတို့ ဒီဂျင်ဂျာဘီစကွတ် တစ်ဘူးတော့ ယူသွားလို့ရတယ်၊ ပျော့တော့ ပျော့နေပြီ"

အမေက ရယ်ပြုံးပြီး ပြောလိုက်သည်။

"ပြီးတော့ မင်းတို့ သံပရာရည် ကိုယ်တိုင် ဖျော်သွားလို့ ရတယ်၊ ကြောင်အိမ်ထဲမှာ သံပရာသီးနဲ့ သကြားရှိတယ်"

ဂျဲနက်။ ။"အိုး… ကောင်းတာပေါ့၊ သံပရာရည်ကို ရေခွေးနဲ့ ဖျော်လိုက်မယ်၊ ပြီးမှ အအေးခံလိုက်မယ်၊ သမီးတို့ ကျန်တာ ဘာတွေ ရနိုင်သေးလဲ မေမေ"

အမေ။ ။"အချဉ်ယို၊ လေးပုံတစ်ပုံပဲရှိတယ်၊ မနေ့ညက စားရင်းကျန်တော့တာ"

ပီတာ။ ။"ကျွန်တော်တို့ ဝေစားမယ်၊ ဒါဆိုတောင် တစ်ယောက်တစ်ဝက် ကျော်ကျော်လောက် ရမယ်"

"ဝုတ်ဝုတ်"

စကမ်ဘာက အသံပေးလိုက်သဖြင့် ကလေးများ ရယ်ရပြန်သည်။

ပီတာ။ ။"ကောင်းပြီ၊ မင်းလည်း ရမယ်၊ တို့ပြောတဲ့စကားကို တို့ ဘယ်တော့မှ မမေ့ဘူး စကမ်ဘာ"

ဂျဲနက်က သံပရာရည် ဖျော်လိုက်သည်။ ပီတာက ဘီစကွတ်ဘူးနှင့် ယိုဘူးကိုယူသည်။ ယိုကို တိတိကျကျခွဲ၍ ပန်းကန်ပြားပေါ် တင်ထားလိုက်သည်။

mgyoe.com

m gyoe .com

ပီတာ။ ။“သွားရအောင် ဂျဲနက်ရေ၊ ဆယ်နာရီတောင် ခွဲတော့မယ်”

ဂျဲနက်။ ။“ပီတာရေ၊ ငါ့ကို စကားဝှက်လေး ပြောပြပါဟာ၊ ငါမေ့သွားတဲ့အတွက် တကယ် တောင်းပန်ပါတယ်ဟာ”

ပီတာ။ ။“မရဘူး၊ နင့်ကို ပြောမပြသင့်ဘူး၊ နင် ဂိုဒေါင်ထဲရောက်တဲ့အခါ တခြားရောက်လာတဲ့ လူတွေစကားဝှက်ပြောတာ နားထောင်ပြီး အရှက်ရသင့်တယ်”

ဂျဲနက်။ ။“နင် တကယ်ကြီး ပြောနေတာလား၊ သူ တကယ်ပြောနေတာ မဟုတ်လောက်ပါဘူးနော် စကမ်ဘာ”

စကမ်ဘာက ပြန်မဖြေ။



ပီတာ။ ။“ဟော့… သူ တစ်သက်လုံးလည်း ပြန်ဖြေမှာ မဟုတ်ဘူး၊ လာစမ်းပါ၊ ဂျဲနက် ငါသွားဖို့ တစ်မိနစ်တောင် မစောင့်ချင်တော့ဘူး”

ဂျဲနက်က အဆင်သင့်ဖြစ်နေပါပြီ။ လင်ပန်းဟောင်းထဲကို သံပရာရည်ကရားနှင့် မကွဲနိုင်သည့် ခွက်ခုနစ်ခွက်ထည့်ပြီး ပီတာ နောက်ကမီးဖိုချောင်ထဲမှ ထွက်လာခဲ့သည်။

ဂျဲနက်။ ။“ကျေးဇူးပါ၊ မေမေရေ”

mgyoe.com

mgyoe.com SAMPLE BOOK

ပီတာက သူ့ကို ရှေ့ဆောင်သည်။ ပန်းခြံအောက်ဘက်ခြမ်းမှ ချုံပုတ်တွေကိုကွေ့ပြီး လူသွားလမ်းလေးတစ်လျှောက် အစည်းအဝေးရှိရာ ဂိုဒေါင်အိုကြီးသို့ လျှောက်လာခဲ့ကြသည်။ လျှို့ဝှက်ခုနစ်ဖော်အမည်ကို တံခါးတွင် (လ·၇) ဟု အတိုကောက်ထွင်းထားသည်။ အကြိမ်ပေါင်း ဘယ်လောက်များအောင်တောင် လျှို့ဝှက်ခုနစ်ဖော်မှာ ဒီနေရာ၌တွေ့ဆုံပြီး စိတ်လှုပ်ရှားစရာအကြောင်းတွေကို ပြုလုပ်ခဲ့ကြပြီးပြီလဲ။

ဂျဲနက်က သူ့လင်ပန်းကြီးကို ဂရုတစိုက်သယ်ယူရင်း နောက်မှ လိုက်လာခဲ့သည်။ ပီတာရဲ့ အော်သံကို သူမ ရုတ်တရက် ကြားလိုက်ရပြီး လက်ထဲက လင်ပန်းပင် ပြုတ်ကျမတတ် ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ"

သူမက အမြန်ပြေးလာရင်း အော်မေးလိုက်သည်။ ဂိုဒေါင်ရှေ့ရောက်လာသောအခါ အံ့ဩကြောက်မက်ဖွယ် တစ်စုံတစ်ရာကို တွေ့လိုက်ရသည်။

တံခါးနဲ့ ပြတင်းပေါက်တွေက ဟင်းလင်းပွင့်နေသည်။ ပစ္စည်းတွေအားလုံးက ဂိုဒေါင်ထဲမှ အပြင်ရောက်နေသည်။ သေတ္တာပုံးတွေ၊ ကူရှင်တွေ အိတ်တွေအားလုံး မြေကြီးပေါ်မှာ မညီမညာနဲ့ပြန့်ကျဲနေသည်။ ဘာတွေဖြစ်ကုန်တာလဲ။ ဂျဲနက်က သူ့လင်ပန်းကို လွတ်ကျမတတ် လန့်သွားသည်။ တွေ့ကြုံရသည့် တုန်လှုပ်စရာက လင်ပန်းကို လွတ်ကျနိုင်လောက်သည်။ သူက ပီတာကို စိတ်ချောက်ချားစွာနှင့် လှမ်းကြည့်သည်။

ဂျဲနက်။ ။"ဘယ်သူလုပ်တာလဲ၊ ငါတို့ အစည်းအဝေး လုပ်စရာကလည်း ရှိသေးတယ်၊ ဆိုးပါ့ကွာ"

ပီတာက ဂိုဒေါင်ထဲကို လှမ်းကြည့်လိုက်သည်။ ပတ်ပတ်လည်နံရံစင်များမှလွဲ၍ ဘာမျှ မရှိတော့။ သူ စဉ်းစားရ ကျပ်သွားသည်။

ပီတာ။ ။"ဂျဲနက်၊ ဒါ ဆူဇီလက်ချက် မဖြစ်နိုင်ဘူးလား။ ဂိုဒေါင်ထဲက အရာ အားလုံးကို အပြင်ထုတ်ထားတဲ့ စိတ်တိုစရာ လုပ်ရပ်မျိုးကို ပြောတာ၊ ငါမစဉ်းစားတတ်ဘူး၊ သူလုပ်နေကျတော့ မဟုတ်ဘူး"

"သူ ဖြစ်လိမ့်မယ်"

ဂျဲနက်က ငိုမဲ့မဲ့နှင့် ပြောလိုက်သည်။

mgyoe.com

''အိုး… ငါတို့ရဲ့ ချစ်စရာ အစည်းအဝေးခန်းမလေး''

ပီတာ။ ။''ဟိုမှာ တခြားလူတွေ လာနေပြီ''

ပင်မ်နှင့် ဘာဘရာတို့ လူသွားလမ်းလေးအတိုင်း လျှောက်လာနေကြသည်။ ဖရိုဖရဲဖြစ်နေသော မြေကြီးပေါ်က ပစ္စည်းပုံကြီးကို သူတို့က ကြောင်ကြည့်နေမိကြသည်။

ဘာဘရာ။ ။''ဘာဖြစ်တာလဲ၊ ငါတို့လာတာ သိပ်စောနေလား''

ပီတာ။ ။''မဟုတ်ဘူး၊ ငါတို့လည်း ခုမှတွေ့တာ၊ ဟယ်လို ဂျက်ရေ… ဒီမှာ ကြည့်စမ်းပါဦး''

ဂျက်။ ။''အမယ်လေး… ဒါတွေ ဘယ်သူလုပ်ထားတာလဲ၊ ဆူဇီတော့ မဖြစ်နိုင်ဘူး၊ ငါ အခုဒီကို ထွက်မလာခင်အထိ သူနဲ့ တစ်မနက်လုံး အတူတူရှိနေခဲ့တာပဲ''

ကောလင်းနှင့် ဂျော့လည်း ရောက်လာပြန်သည်။ ကလေး ခုနစ်ယောက်သည် ပြန့်ကျဲနေသော သေတ္တာပုံးများနှင့် ကူရှင်များကို ငေးကြည့်နေကြသည်။

ဂျဲနက်။ ။''ငါတို့ ဒါတွေ ပြန်ထားရင် ကောင်းမယ်၊ ပြီးတော့ ငါတို့ လျှို့ဝှက်အစည်းအဝေးမှာ ဒါတွေ ဘယ်သူလုပ်လဲဆိုတာ အဖြေရှာကြမယ်''

သူတို့ ပစ္စည်းတွေ အားလုံးကို နေရာတကျ ပြန်ထားကြသည်။ ထိုအခိုက် လူသွားလမ်းလေးမှ လမ်းလျှောက်လာသော ခြေသံကို သူတို့ ကြားလိုက်ရသည်။ ဘယ်သူများပါလိမ့်၊ ပီတာက လှမ်းကြည့်လိုက်၏။

ထိုခြေသံပိုင်ရှင်ကား ပခုံးပေါ်တွင် တံမြက်စည်း အကြီးကြီးထမ်းကာ ရေပုံးတစ်ပုံးဆွဲလာသော ဥယျာဉ်မှူးကြီး ဖြစ်နေလေသည်။ အဝတ်တချို့က ရေပုံးထဲမှ တွဲလောင်းကျနေသည်။ သူက ကလေးခုနစ်ယောက်ကို ဒေါသတကြီးနှင့် စိုက်ကြည့်ရင်း-

ဥယျာဉ်မှူး။ ။''ဟေ့… မင်းတို့ ဘာလုပ်နေကြတာလဲ၊ အမှိုက်တွေကို ဂိုဒေါင်ထဲက ဖယ်ပစ်ထားတာကို''

''ဟုတ်လား၊ ဘာလို့လဲ''

ပီတာက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

''ဒီဂိုဒေါင်က ကျွန်တော်တို့ အစည်းအဝေးခန်း၊ အမှိုက်တွေ မဟုတ်ဘူး၊ ကျွန်တော်တို့ သုံးနေတဲ့ဟာတွေ''

ဥယျာဉ်မှူး။ ။''အိုး… ကောင်းပြီ၊ အဲဒါတွေ ငါ မသိဘူး၊ ငါ သိတာက ဒီနေရာကို သန့်ရှင်းရေးလုပ်ပြီး အမှိုက်တွေ မီးရှို့ဖို့ မင်းတို့ အဖေ ခိုင်းထားတာပဲ၊ ဒါက ဆေးပြန်သုတ်ရမယ့် နေရာကွ၊ ဒီတိုင်းထားရင် တစ်စထက် တစ်စ ပျက်စီးသွားလိမ့်မယ်''

သူက မြန်မြန် သန့်ရှင်းရေး လုပ်ချင်နေ၏။

''ကျွန်တော် နားလည်ပြီ'' ဟု ပီတာက စိတ်နာစွာနှင့် ပြောလိုက်သည်။ အဖေ့မှာသာ အစီအစဉ်ရှိရင် ပြီးအောင်လုပ်ဖို့ကလွဲလို့ တခြားမရှိဘူး။

တခြားကလေးတွေဘက်သို့ လှည့်၍-

ပီတာ။ ။''လာကြ၊ စကားပြောဖို့ တခြားတစ်နေရာ ရှာကြစို့၊ ငါတို့ လတ်တလော ဒီဂိုဒေါင်မှာ တွေ့လို့ မရဘူး ဆိုတာတော့ အသေအချာပဲ၊ စိတ်ပျက်စရာ ကောင်းလိုက်တာကွာ''

ကောလင်း။ ။''စိတ်မပူပါနဲ့၊ ငါတို့ တခြားနေရာကောင်းတစ်ခုကို တွေးမိမှာပါ''

သို့သော် ဘယ်သူမှ သူနဲ့ သဘောထားမတူ။ လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေးအတွက် ကမ္ဘာပေါ်မှာ အကောင်းဆုံးနေရာဟာ ဒီဂိုဒေါင်ပဲလို့ သူတို့ ယုံမှတ်နေကြသည်။

ကလေးခုနစ်ယောက်သည် အမြီးတွဲလောင်းနှင့် စကမ်ဘာနောက်မှ လိုက်၍ လူသွားလမ်းလေးအတိုင်း ဖြည်းညင်းစွာ ထွက်သွားကြသည်။ သူတို့ အစည်းအဝေး လုပ်နေကျနေရာမှာ လုပ်ခွင့်မရတာ စိတ်ပျက်စရာကိစ္စ တစ်ခုပင်။

ပီတာ။ ။''ငါတို့ နွေရာသီအိမ်ကို သွားကြမလား''

ဂျဲနက်။ ။''အို… ဟိုမှာ မေမေပဲ ကြည့်စမ်း၊ ငါတို့ဂိုဒေါင်နဲ့ ပတ်သက်ပြီး မေမေကို ပြောကြည့်ကြမယ်၊ မေမေ၊ ဂိုဒေါင်ကိုရှင်းပြီး ဆေးသုတ်မယ်ဆိုတာ ဘာလို့ သမီးတို့ကို မပြောတာလဲမေမေ၊ သမီးတို့ အစည်းအဝေး ဘယ်မှာ သွားလုပ်ရမှာလဲ၊ သမီးတို့ကို တစ်ယောက်ယောက်က ပြောခဲ့သင့်တယ်လို့ သမီးထင်တယ်''

mgyoe.com

အမေ။ ။"ဩော်… သမီးရယ်၊ မေမေ ပြောဖို့ မေ့သွားတယ်၊ မင်းတို့ အဖေက ဂိုဒေါင်ကိုရှင်းပြီး ပြုပြင်ချင်နေတာ ဂိုဒေါင်က ပြီုလုနီးပါးဖြစ်နေတာ သမီး သိပါတယ်၊ ပြင်လို့ ပြီးသွားတဲ့ အခါကျရင် သမီးတို့ အစည်းအဝေးခန်းအဖြစ် ပြန်သုံးကြလို့ ရပါတယ်၊ ပြီးသွားရင် ပိုကောင်း၊ ပိုလင်း၊ ပိုသန့်ရှင်းသွားမှာ ပေါ့"

"ဒါပေမဲ့ သားတို့ မသေမသပ် ဟောင်းနွမ်းမှောင်မည်းနေတာကို ပိုကြိုက်တယ်"

ပိတာက ဝမ်းနည်းပက်လက်နှင့် ပြောလိုက်သည်။

ပိတာ။ ။"ပြီးတော့ သားတို့အားလပ်ရက်အတွင်း လုပ်လို့ မပြီးလောက်ဘူးလို့ထင်တယ်၊ သားတို့ အားလပ်ရက်အတွင်း သုံးချင်တာပါ"

အမေ။ ။"ဟုတ်တယ်၊ မေမေလည်း မပြီးလောက်ဘူးလို့ ထင်တယ်"

အမေ့ကို ကြည့်ရတာ အတော်ပင် စိတ်မကောင်းဖြစ်နေပုံရတယ်။

အမေ။ ။"အခုချက်ချင်း မပြီးဘူးဆိုတာသိရင် မေမေ တားခဲ့မှာပါ၊ ကောင်းပြီလေ အစည်းအဝေးအတွက် တခြားနေရာ ရှာပေးရမှာပေါ့၊ ထပ်ခိုးဆိုရင်ရော ဘယ်လိုလဲ"



mgyoe.com

ဂျဲနက်။ ။''အိုး… မဖြစ်ဘူးလေ၊ အိမ်ထဲမှာဆို အစည်းအဝေးက ဘယ်ပျော်ဖို့ ကောင်းတော့မလဲ၊ တခြား လူနေတဲ့ အခန်းတွေနဲ့ ကပ်နေတာ၊ သမီးတို့က လျှို့ဝှက်ပြီး သီးသန့်ဖြစ်နေတာကို လိုချင်တာ''

အမေ။ ။''ကောင်းပြီ၊ ငါက အကြံပေးတာပါ၊ အေး… ငါ ထပ်အကြံ မပေးတော့ဘူး၊ အခု နွေရာသီအိမ်ကို သွားမှာကိုတော့ ငါ စိုးရိမ်တယ်''

''ကျွန်တော်တို့ သွားကြမလို့ပဲ''

ပီတာက ဝမ်းနည်းပက်လက်နှင့် ပြောသည်။ မကြာမီ သူတို့ တစ်ဖွဲ့လုံး နွေရာသီ အပန်းဖြေအိမ်ထဲ ရောက်သွားကြသည်။ ကောင်မလေးတွေကတော့ သိပ်သဘောမကျပေ။

သူတို့ ဂျင်ဂျာဘီစကွတ်တွေကို စတင် စားကြသည်။

ဂျဲနက်။ ။''ပျော့တာထက် ပိုတယ်၊ ငါတော့ ကြောက်လာပြီ''

ပင်မ်။ ။''အိုး… ငါကတော့ ပျော့ပြီး အိတွဲနေတာ ကြိုက်တယ်၊ ဘီစကွတ် မာမာကြီးကို ကိုက်ပြီး တို့ပါးစပ်ထဲက သွားတွေ ပဲ့ထွက်ကုန်တာကို မုန်းတယ်၊ သံပရာရည် တကယ် ကောင်းတယ်၊ နင်တို့အမေ ဖျော်ပေးတာလား ဂျဲနက်''

''မဟုတ်ဘူး၊ ငါ့ဘာသာ ဖျော်ထားတာ''

ဂျဲနက်က ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

ဂျဲနက်။ ။''ပီတာရေ၊ ငါတို့ အစည်းအဝေးခန်းအသစ်ကို ဘယ်မှာ လုပ်ကြမယ်ဆိုတာ တိုင်ပင်ကြရင် ပိုကောင်းမယ်''

ပီတာ။ ။''ကောင်းတာပေါ့၊ ငါ အကြံပေးချင်တာကတော့ ငါတို့အားလုံး လုံးဝ လျှို့ဝှက်တဲ့နေရာ ဝိုင်းရှာရင် ကောင်းမယ်၊ ဂျက်ညီမ ဆူဇီ မတွေ့နိုင်တဲ့ နေရာမျိုးပေါ့၊ အဝေးကြီးလည်း မဖြစ်ရဘူး၊ ဒီနေ့ တစ်ယောက်ကို တစ်နေရာရှာကြဖို့ တာဝန်ပေးတယ်၊ ဒီ နွေရာသီအပန်းဖြေအိမ်မှာ ညနေခြောက်နာရီကျ ထပ်ဆုံကြမယ်''

ကောလင်း။ ။''အေး… ငါတော့ တစ်နေရာ တွေးမိနေပြီ''

mgyoe.com

mgyoe.com


ပီတာ။ ။"ကောင်းတယ်… ငါတို့ကို မပြောပြနဲ့ဦး၊ ညနေကျ ငါတို့ အကြံဉာဏ်တွေ အသီးသီး ပြောကြပြီး အကောင်းဆုံးလို့ ထင်ရတဲ့နေရာကို မဲပေးရွေးကြမယ်၊ ငါတို့ သင့်တော်တာကို တွေ့မှာပါ"

"ကောင်းပြီ"

အားလုံးက ထောက်ခံသည်။ ပြီးတော့ ဂျဲနက် သံပရာရည်ကို သောက်လိုက်ကြသည်။

ဂျက်။ ။"စကားဝှက်က ဘာလဲ၊ ငါတို့ အားလုံး ဂိုဒေါင်ကိစ္စ စိတ်မကောင်း ဖြစ်နေတာနဲ့ စကားဝှက်တောင် မပြောမိလိုက်ကြဘူး"

ပင်မ်။ ။"ငါတို့ တံဆိပ်တွေ အကုန်လုံးတော့ ရှိကြသေးတာပဲ၊ ငါ့ဟာကိုတော့ ငါ တော်တော်ရှာလိုက်ရတယ်၊ ငါ့ဟာကို လုံခြုံတဲ့ နေရာမှာ ထားလိုက်တာ လုံခြုံလွန်းလို့ ငါ့ဘာသာတောင် ရှာမရ ဖြစ်သွားတယ်"

ဂျော့။ ။"ဘယ်နေရာမှာမို့လို့လဲ"

"ငါ့အမေ ပုံဆွဲခန်းထဲမှာရှိတဲ့ ပန်းအိုးထဲမှာ မြှုပ်ထားလိုက်တာ" ဟု ပင်မ်က တခစ်ခစ်ရယ်ရင်း ပြောလိုက်သည်။

"နောက်တော့ ငါလည်း မေ့သွားတယ်၊ အဲဒါ ပြန်စဉ်းစားရတာ အသက်တောင် တိုသွားသလိုပဲ"

ပီတာ။ ။"အဲဒါ မသတီစရာကြီးလို့ ငါတော့ ထင်တယ်၊ ဒါ တကယ် ရှုးကြောင်ကြောင်နေရာပဲ"

ပင်မ်။ ။"အိုး… ငါက စက္ကူနဲ့ ပတ်ထားတာပါ၊ ဒါပေမဲ့ အမေက အဲဒီ ပန်းပင်ကို တစ်ပတ်နှစ်ခါ ရေလောင်းတာ ငါ မေ့သွားတယ်၊ စက္ကူတွေ ရေစိုပြီး ငါ့တံဆိပ် ညစ်ပတ်ကုန်ရော"

"အဲဒီတံဆိပ်က အမြစ်တွေ ထွက်မလာတာပဲ တော်သေးတယ်လို့ ငါထင်တယ်"

ပီတာက ပြောလိုက်သောအခါ အားလုံးက ဝိုင်းရယ်ကြသည်။

ဂျက်။ ။"ပီတာရေ၊ ငါတို့ စကားဝှက်အသစ် ထားကြမလား၊ ဆူဇီက ငါတို့ နောက်ဆုံး စကားဝှက်ကို သိနေတယ်၊ ငါ တကယ်

mgyoe.com

mgyoe.com

ဝမ်းနည်းပါတယ်၊ သူ ဘယ်လိုလုပ် သိသွားလဲ မသိဘူး၊ ငါတို့ နောက်ဆုံး အစည်းအဝေးကို သူ ခိုးနားထောင်ပြီး ကြားတာ ဖြစ်မယ်''

ပီတာ။ ။''ကောင်းပြီ၊ ငါတို့ အသစ်တစ်ခု ရွေးကြမယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ ဒါကို လုပ်ဖို့ အချိန်ကျပြီ၊ မင်းညီမဆူဇီက ဆိုးသထက် ဆိုးလာပြီ ဂျက်ရေ၊ အခုအချိန်တော့ သူ ဒီနားမှာ မရှိဘူး မျှော်လင့်ရတာပဲ''

ဂျက်က နွေရာသီအပန်းဖြေအိမ် အပြင်ဘက် ထွက်ကြည့်သည်။

ဂျက်။ ။''ဒီနားမှာ ဘယ်သူမှမရှိပါဘူး၊ ကဲ··· မြန်မြန်လုပ်၊ စကားဝှက် အသစ်က ဘာလဲ''

ပီတာ။ ။''အီစတာကြက်ဥ၊ ဒါက မှတ်မိလွယ်မှာပါ၊ အခုက အီစတာ အားလပ်ရက်ဆိုတော့''

''အီစတာကြက်ဥ''

အားလုံးက အသံတိုးတိုးနှင့်ရွတ်ကြသည်။ ပင်မ်က မှတ်စုစာအုပ်ကို ထုတ်ပြီး ချရေးထားလိုက်၏။

ဂျဲနက်။ ။''ချမရေးနဲ့နော် ဂျက်၊ ဆူဇီ တွေ့သွားဦးမယ်၊ ငါတို့နောက်ဆုံး စကားဝှက်ကို သူ ဘယ်လိုလုပ် သိသွားလဲဆိုတာ ငါ အံ့သြလို့ မဆုံးဘူး၊ ကောင်းပြီ၊ နင့်စကားဝှက်က သကြားကွက်''

ဂျက်။ ။''ငါက အထုတ်ခံလိုက်ရသလိုပဲ၊ ကြားရတုန်းက ပျော်ရွှင် ပေမယ့် အခုတော့ စိတ်ထဲမှာ ဘာမှ မရှိတော့ပါဘူး၊ ငါ အားလုံး မေ့သွားပါပြီ''

''သကြားကွက်''

ပီတာက အံ့အားသင့်စွာနှင့် ပြောလိုက်သည်။

''အဲဒါက အရေးမပါပါဘူး၊ ဆူဇီက ဒီလို လုပ်တတ်တာပဲ၊ သူက မင်းမေ့နေတာသိတယ်၊ ဂိုဒေါင်တံခါးကို ခေါက်ပြီး 'သကြားကွက်' လို့ မင်းကိုယ်တိုင် အော်နေတယ်လို့ သူ ထင်နေတာ''

ဂျက်က မျက်နှာကြီး နီရဲလာပြီး-

ဂျက်။ ။''ဒါဆို စကားဝှက်က ဘာလဲ၊ ဂျဲနက် နင်ပြော၊ ပီတာက ပြောမှာ မဟုတ်ဘူး''

mgyoe.com

m g y o e . c o m

SAMPLE BOOK




ဂျဲနက်က မျက်နှာကြီး နီလာပြန်သည်။

"ငါလည်း မေ့သွားပြီ" ဟု ပြောလိုက်သည်။

ပင်မ်ကလည်း ဂျဲနက်လိုရှက်ပြီး မျက်နှာကြီး နီလာပြန်သည်။ ဒါကြောင့် ပင်မ်လည်း မေ့နေပြီဟု ပီတာ သိလိုက်သည်။ သူက နွေရာသီ အပန်းဖြေအိမ်ရဲ့ စားပွဲကို ခေါက်လိုက်သည်။

ပီတာ။ ။"နောက်ဆုံးစကားဝှက်က ရိုးရှင်းတယ်၊ အဲဒါက 'ကြာသပတေးနေ့' ဒါပဲ 'ကြာသပတေးနေ့' "

ဘာဘရာ။ ။"ဟာ... ဒီလိုကြီးလား၊ တကယ်လို့ စကားဝှက်က ကြာသပတေးနေ့တို့၊ သောကြာနေ့တို့ဆို ငါ မှတ်မိမှာ မဟုတ်ဘူး"

"ငါက အဲဒါကို တနင်္ဂနွေနေ့ထင်တာ"

ကောလင်းက ရယ်ရယ်မောမောနှင့် ဝင်ပြောသည်။

"ဒါက စကားဝှက်အဖြစ် ရွေးဖို့ ကြောင်တောင်တောင်နိုင်ပါတယ် ပီတာရာ၊ တစ်ပတ်ရဲ့ တခြားနေ့တွေဆို ကမောက်ကမ ဖြစ်ကုန်လိမ့်မယ်၊ အီစတာကြက်ဥက ပိုကောင်းပါတယ်"

ပီတာ။ ။"ကောင်းပြီ၊ ဘာဘရာနဲ့ ကောလင်းက ဒါကို ခရစ္စမတ်လက်ဆောင်တို့၊ မွေးနေ့လက်ဆောင်တို့နဲ့တော့ မရောပစ်ဘူး မျှော်လင့်ရတာပဲ၊ ကဲ... အခု ငါတို့ပါသမျှတွေလည်း စားပြီးပြီ၊

mgyoe.com

mgyoe.com
SAMPLE BOOK


စကမ်ဘာလည်း အမြီးနှန့်နေပြီ၊ သံပရာရည် ပါသမျှတွေလည်း သောက်ပြီးပြီ၊ အစည်းအဝေးခန်း အသစ်အတွက် ရှာကြတော့မလား''

''ကောင်းတယ်''

အားလုံးက ထရင်း ဖြေလိုက်သည်။ သူတို့အားလုံး အရှေ့ဘက်ထွက်ပေါက်သို့ လူသွားလမ်းလေးမှ လျှောက်သွားကြရင်း စကားနှစ်လုံးကို တတွတ်တွတ် ရွတ်သွားကြသည်။

''အီစတာကြက်ဥ၊ အီစတာကြက်ဥ၊ ငါမှတ်မိရမယ်၊ အီစတာကြက်ဥ''

■

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း (၃)

## စိတ်ကူး၏ အသီးအပွင့်များ



mgyoe.com

ညနေခြောက်နာရီမှာတော့ နွေရာသီအပန်းဖြေအိမ်လေး၏ အဝင်လမ်းလေးမှာ ခြေသံများဖြင့် အဆက်မပြတ် ဆူညံလာသည်။ ဂျဲနက်၊ ပီတာနှင့် စကမ်ဘာက အထဲမှ စောင့်ဆိုင်းနေကြသည်။

"အီစတာကြက်ဥ"

ဂျက်က ပြောရင်း လမ်းလျှောက်ဝင်လာသည်။

နွေရာသီအပန်းဖြေအိမ်မှာ မျက်နှာစာသုံးခုအတွက် တံခါး မရှိ။ ပန်းခြံဘက်လှည့်ထားတာက စတုဝ္ဂမြောက်မျက်နှာစာ ဖြစ်သည်။

"အီစတာကြက်ဥ"

ဘာဘရာကလည်း ဝင်လာရင်း ပြောသည်။

"နှင့်တံဆိပ်ရော"

ပီတာက ခပ်ဆတ်ဆတ် မေးလိုက်သည်။

"အို… ငါပါလာပါတယ်၊ အဲဒါက အကောင်းအတိုင်းပဲ"

ဘာဘရာက အိတ်ကပ်ထဲကထုတ်ရင်း ပြန်ပြောသည်။

"ငါ ဘာလို့ ဒါကို တပ်ခဲ့ဖို့ မေ့ခဲ့လည်း မသိဘူး"

ပြော၍ ထိုင်ချကာ တံဆိပ်ကို ဂရုတစိုက် တပ်သည်။

ကျန်သုံးဦးလည်း စကားဝှက်ကို တည်တည်ကြည်ကြည် ပြောရင်း ဝင်လာသည်။

ပီတာ။ ။"စကားဝှက်ကို တစ်ယောက်မှ အော်မပြောကြနဲ့"

ပီတာက သူ့မှတ်စုစာအုပ်ကို အိတ်ကပ်ထဲမှ ထုတ်ကာ သူ၏ ခဲတံနှင့် တို့ထိရင်း-

ပီတာ။ ။"ကဲ… အခု အစည်းအဝေးခန်းလုပ်ဖို့ နင်တို့ကြိုက်တဲ့နေရာ ငါ့ကို ပြောကြ၊ ကောလင်း မင်းက စပြော"


ကောလင်းက မျှော်လင့်ချက်အပြည့်ဖြင့်-

ကောလင်း။ ။"ကောင်းပြီ၊ ငါတို့ ခြံထဲက သစ်ပင်ကြီးရဲ့အောက်မှာ ကောင်းတယ်၊ အဲဒီအပင်က အမိုက်စား ဝက်သစ်ချပင်ကြီးပဲ၊ ပြီးတော့"

ပီတာ။ ။"မကောင်းဘူး၊ ငါတော့ သဘောမကျဘူး၊ ဒါပေမဲ့ ငါ စာရင်းထဲ ထည့်ရေးလိုက်ပါ့မယ်၊ အဲဒီနေရာက လျှို့ဝှက်

mgyoe.com

mgyoe.com
SAMPLE BOOK

အစည်းအဝေးခန်းဖြစ်ဖို့ ခက်ခဲမယ်၊ ပန်းခြံထဲ လာတဲ့လူတိုင်း ငါတို့ကို မြင်နေရမှာ၊ ပြီးတော့ ခြံစည်းရိုးဘေးက ဖြတ်သွားတဲ့လူတိုင်း ငါတို့ ဘာပြောလဲ ကြားနေရမှာ၊ ဘာဘရာ နင့်စိတ်ကူးကရော''

ဘာဘရာ။ ။''အိုး... ငါ့ဟာက နည်းနည်းတော့ ကြောင်တောင်တောင်နိုင်တယ်၊ ငါတို့ အိမ်နားက ကွင်းထဲမှာ တဲဟောင်းတစ်ခု ရှိတယ်၊ ပြီးတော့ . . .''

''ငါ အဲဒီနေရာကို သိတယ်''

ပီတာကပြောရင်း သူ၏ မှတ်စုစာအုပ်ထဲ ထည့်ရေးလိုက်သည်။

''ဒီအကြံဉာဏ် မဆိုးဘူး၊ နင်ကရော ပင်မ်''

ပင်မ်။ ။''ငါ့မှာ ဘာအကြံဉာဏ်မှ ပေးစရာမရှိဘူး၊ ငါစဉ်းစားတာပဲ၊ ဒါပေမဲ့ အသုံးဝင်တာ မတွေ့ဘူး''

''အကူအညီကို မရဘူး''

ပီတာကပြောပြီး သူ၏မှတ်စုစာအုပ်တွင် ကြက်ခြေခတ်လိုက်သည်။

'' မင်းရော ဂျော့''

ဂျော့။ ။''ကောင်းပြီ၊ ဒီကနေ သိပ်မဝေးတဲ့ လယ်ကွင်းထဲမှာ နောက်တွဲ

mgyoe.com

mgyoe.com
SAMPLE BOOK


ယာဉ်အလွတ်ကြီးတစ်လုံး ရှိတယ်၊ အဲဒါကို ဘယ်သူပိုင်လဲ ငါ သိတယ်၊ ပိုင်ရှင်က ငါ့အဖေမိတ်ဆွေ တစ်ယောက်ပဲ၊ ငါတို့ အဲဒါကို သုံးဖို့ ခွင့်ပေးလောက်တယ်''

ကြားရတာ စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ အားလုံး ပီတိဖြစ်နေသောဂျော့ကို ဝိုင်းကြည့်ကြသည်။

ပီတာ။ ။''မင်းရော ဂျက်၊ မင်း အိမ်နားနီးတာတွေတော့ မပြောနဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆူဇီ ရှိနေလို့''

ဂျက်။ ။''ငါ မပြောပါဘူး၊ အဲဒီလောက်တော့ မတုံးပါဘူး၊ ဒီကနေ တော်တော် ဝေးတဲ့မြစ်ဖျားက နေရာတစ်ခုကို ငါရွေးထားတယ်၊ လှေအိမ်ဟောင်းတစ်ခုပဲ၊ ဘယ်သူမှလည်း မသုံးဘူး''

အားလုံးက စိတ်လှုပ်ရှားသွားကြပြန်လေသည်။ ပီတာက ထိုနေရာကို ချရေးလိုက်သည်။

ပီတာ။ ။''ကဲ... အခု ငါနဲ့ ဂျဲနက်အကြံကလွဲပြီး အားလုံး အကြံတွေလည်း ကြားပြီးကြပြီ၊ ငါတို့ အတူရှာခဲ့ကြတယ်၊ စကမ်ဘာလည်းပါတယ်၊ ပြီးတော့ ငါတို့ အားလုံး စိတ်ကူးတွေ ရခဲ့တယ်''

''မင်းစိတ်ကူးက ဘာလဲ''

အားလုံးက ဝိုင်းမေးကြသည်။

ပီတာ။ ။''အေး... ငါ စိတ်ကူးရတဲ့နေရာက ငါတို့ အာလူးတွေစိုက်တဲ့ လယ်ကွင်းနားက ကျောက်ကျင်းလိုဏ်ဂူ၊ ငါ့အဖေ စိုက်ခင်းထဲမှာပဲ၊ သိပ်လည်း မဝေးဘူး၊ လုံးဝ လျှို့ဝှက်ပြီး သီးသန့်ဖြစ်နေတယ်၊ ပြီးတော့ ကျောက်တွင်းနောက်က တောင်ထဲကို ဖောက်ဝင်နေတာ၊ တကယ်တော့ အဲဒီနေရာကို စကမ်ဘာ ရှာတွေ့တာကွ''

ပင်မ်။ ။''အဲဒီနေရာ ကောင်းတယ်၊ ဒါမှ လျှို့ဝှက်ဂူ''

ပီတာ။ ။''ကောင်းပြီ ငါတို့ အကြံဉာဏ်တွေ အားလုံး မဲခွဲကြမယ်''

ထို့နောက် ပီတာက စာရွက်ပိုင်းလေးတွေ ဝေပေးလိုက်သည်။

ပီတာ။ ။''ဒီစာရွက်ပိုင်းလေးတွေမှာ ကိုယ်အကြိုက်ဆုံး အကြံဉာဏ်ကို ချရေးကြပါ၊ ဒါပေမဲ့ ဘယ်သူမှတော့ ကိုယ့်အကြံဉာဏ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်မရေးရဘူး၊ အိုကေ၊ အားလုံးကို ငါ အတိုချုံး ပြန်ပြောမယ်၊ ကောလင်းက သစ်ပင်ကို အကြံပေးတယ်၊ ဒါပေမဲ့ အဲဒါက လျှို့ဝှက်တဲ့နေရာ မဟုတ်ဘူး၊ ဘာဘရာက သူ့အိမ်နား ကွင်းထဲက တဲအိုကြီးကို အကြံပေးတယ်၊ ဒါပေမဲ့ အဲဒီအိမ်က အမိုးတွေက လန်နေတယ်၊ မိုးယိုနိုင်တယ်၊ ပင်မ်က ဘာအကြံဉာဏ်မှမရှိဘူး၊ ဂျော့က သူ့အဖေရဲ့မိတ်ဆွေ ပိုင်တဲ့ နောက်တွဲယာဉ်ကြီးကို အကြံပေးတယ်၊ ဒါ အကြံကောင်းပဲ၊ ဒါပေမဲ့ ငါတို့ အဲဒါကို တကယ် သုံးခွင့်ရပါ့မလား၊ အဲဒီမှာ ပရိဘောဂတွေ ရှိသေးတယ်၊ ပရိဘောဂတွေ ကျိုးပဲ့သွားတာမျိုးဖြစ်မှာ ငါ စိုးရိမ်တယ်''



ပီတာက အသက်တစ်ချက် ရှူလိုက်ပြီး-

ပီတာ။ ။''ဂျက်က မြစ်နားက လှေအိမ်ဟောင်းကြီးတစ်ခုကို အကြံပေးတယ်၊ ကောင်းတယ်၊ ဒါပေမဲ့ အဲဒါက အစည်းအဝေးလုပ်ဖို့ နည်းနည်းတော့ လှမ်းတယ်၊ အနည်းဆုံး တစ်မိုင်လောက်ဝေးမယ်၊ ပြီးတော့ ငါနဲ့ ဂျဲနက် ဘာကို အကြံပေးလဲ မင်းတို့ သိတယ်၊ လိုဏ်ဂူတစ်ခု၊ ဒါပေမဲ့ အဲဒါက သိပ်တော့

mgyoe.com

mgyoe.com
SAMPLE BOOK

သက်သောင့်သက်သာ မဖြစ်ဘူး၊ အားလုံးပဲ မင်းတို့စာရွက်တွေမှာ အကြိုက်ဆုံးနေရာကိုရေးပြီး မဲပေးကြ၊ ကိုယ်ပိုင်စိတ်ကူးကိုတော့ ရေးခွင့် မရှိဘူး၊ ပြီးရင် တစ်ဝက်ခေါက်လိုက်ပြီး ငါ့ကိုပေး''

အားလုံးက တစ်ခုခုကို သူတို့စာရွက်မှာ ရေးလိုက်ပြီး ပီတာကို ပေးလိုက်ကြသည်။ ပီတာက ဖွင့်ပြီး ဖတ်ကြည့်သည်။ သူကြည့်နေသည့် အချိန်တွင် သူ့မျက်လုံးများမှာ ဝမ်းသာမှုဖြင့် တောက်ပနေလေသည်။

ပီတာ။ ။''အာ… ဒါက ရယ်စရာတော့ကောင်းသား၊ ဒါပေမဲ့ ငါနဲ့ဂျဲနက်ကလွဲပြီး အားလုံးက လိုဏ်ဂူကိုပဲ မဲပေးကြတယ်၊ ငါတို့က ငါတို့ အကြံဉာဏ်ကို ပြန်မဲမပေးဘူး၊ ဒါကြောင့် လိုဏ်ဂူက ငါးမဲ၊ ဒီတော့ လိုဏ်ဂူလို့ သတ်မှတ်လိုက်ပြီ၊ ငါဝမ်းသာတယ်၊ ဒါက တကယ်ကို စစ်မှန်တဲ့ နေရာကောင်းပါပဲ''

ဂျက်။ ။''အဲဒီနေရာလား၊ လာကြ၊ တည့်တည့်ကြည့်လိုက်၊ သိပ်မဝေးပါဘူး''

ပီတာ။ ။''ကောင်းပြီ၊ လာကြဟေ့၊ မြန်မြန်ကြည့်ပြီး မနက်ဖြန် ဘာတွေယူလာရမလဲ အစီအစဉ်ဆွဲကြမယ်၊ တို့တွေ ခဏတော့ အဲဒီမှာ အခြေချကြရမယ်''

ဒါက စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ နေထွက်လာတာနှင့် သူတို့ အိပ်ရာထခဲ့ကြသည်။ ခြောက်နာရီခွဲမျှသာ ရှိပေဦးမည်။ ရာသီဥတုက နွေးနွေးထွေးထွေး ရှိလှသည်။

ပီတာ။ ။''ဒီလမ်းပဲ''

ထို့နောက် ပန်းခြံထဲမှ လမ်းလေးအတိုင်း ဦးဆောင်လမ်းပြ၍ လယ်ကွင်းသို့ ထွက်ပေါက်မှ ထွက်လာခဲ့သည်။ အိမ်နောက်မှ တောင်တန်းတွေထဲရှိ စိုက်ခင်းသည် သူ့အဖေအပိုင် ဖြစ်သည်။

စိုက်ခင်းသည် ပြောင်းဖူးပင်များ၊ ကောက်ပဲသီးနှံပင်များနှင့် စိမ်းလန်းနေ၏။

ပီတာတို့သည် မြက်ဖုံးနေသော လူသွားလမ်းလေးအတိုင်း ဆင်းသွားကြသည်။ ထို့နောက် သူတို့ ကျောက်ကျင်းဟောင်းကို ဦးတည်၍ ညာဘက်သို့ ကွေ့လိုက်ကြသည်။

mgyoe.com



ထိုကျောက်ကျင်းသည် လွန်ခဲ့သော နှစ်တော်တော်များများကပင် သဲများ ဖုံးနေသည်။ ထိုနေရာ၌ လူမနေသည်မှာပင် ကြာပြီ ဖြစ်သည်။ ကျောက်ကျင်း တစ်ခုလုံး ကျောက်တုံးများနှင့် ပြည့်နေသည်။ သူတို့ အားလုံး ကျောက်ကျင်း ဟောင်းထဲ လှည့်ပတ်ကြည့်ကြသည်။

စကမ်ဘာက ရှေ့မှ ပြေးသွားသည်။

ပီတာ။ ။''သူက မင်းတို့ကို လမ်းပြလိမ့်မယ်၊ ငါနဲ့ ဂျဲနက်ကို မနက်က ပြသလိုမျိုး''

စကမ်ဘာက တောင်ကုန်းသေးသေးလေးမှ ယုန်သွားလမ်းလေးနှင့် တူသည့် လမ်းကလေးပေါ် ပြေးတက်သွားသည်။ ထို့နောက် တောင်ကုန်း နောက်မှ ချောက်ထဲသို့ ဆင်းသွားသည်။ ကျန်လူတွေက သူ့နောက်မှ လိုက်သွားကြ သည်။ စကမ်ဘာက အမြီးလေးတယမ်းယမ်းနှင့် ရှေ့တိုး နောက်ဆုတ် ခုန်ပေါက် ကာ သူတို့ကို စောင့်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်တော့ သူ လျှင်မြန်စွာ ပြေးရင်း မြင်ကွင်းက ပျောက်ကွယ်သွားသည်။ တခြားသူတွေကလည်း စကမ်ဘာကိုရှာရန် ခပ်ခွာခွာမှ လိုက်လာသည်။ သူကတော့ အစပျောက်သွားလေပြီ။

"စကမ်ဘာ လိုဏ်ဂူထဲသွားပြီ"

ပီတာက ရယ်၍ ပြောလိုက်၏။

"မင်းတို့ အဲဒီမှာ ဝင်ပေါက်ကို တွေ့လိမ့်မယ်၊ အဲဒါက မြက်ပင်ရှည်တွေ ဖုံးနေတာ၊ ဂူပေါက်က ပိတ်လုနီးပါးပဲ၊ လာကြ၊ ရင်ခုန်ဖို့ အရမ်းကောင်းတယ်"

■

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း (၄)

# လိုဏ်ဂူထဲမှာ



mgyoe.com

လှိုဏ်ဂူဝင်ပေါက်ခုနစ်ဖော်လူစုသည် လိုဏ်ဂူကိုကြည့်ဖို့ရောက်လာကြသည်။ အထဲမှာ ဘာမှမည်မည်ရရ မရှိပေ။ သူတို့က အဲ့ဒီဂူထဲဝင်ရန် ပိတ်နေသော ချုံပုတ်တွေကို တံမြက်စည်းဖြင့် ရှင်းပစ်ကြရသည်။ ချုံပုတ်တွေက ဂူပေါက်ဝ ပိတ်လုနီးပါး ရှည်လျားစွာ ပေါက်ရောက်နေကြသည်။

ပီတာ။ ။"အံ့ဩစရာတော့ မရှိပါဘူး ဂျဲနက်ရေ၊ ငါ ဒီဂူထဲကို အရင်က တစ်ခါမှ မရောက်ဖူးဘူး၊ ငါတို့ ကျောက်ကျင်းက သဲပုံကြီးဆီ ရောက်ခဲ့ပေမယ့် ဒီဂူကိုတော့ တစ်ခါမှ မတွေ့ကြဘူး၊ ဒါဟာ စကမ်ဘာကြီးပျောက်သွားလို့ လိုက်ရှာရင်းသာတွေ့တာ၊ အခု တော့ ငါတို့ ဒီမှာ ရောက်နေပြီ၊ သူကတော့ ဒီစွတ်ကြောင်း အတိုင်း ဂူထဲဝင်ပုန်းနေပြီး တို့ သူ့ကိုခေါ်မှ ရုတ်တရက် ထွက်လာမှာ၊ ဟုတ်တယ် မဟုတ်လား စကမ်ဘာရေ"

"ဝုတ်"

စကမ်ဘာက အသံပေးသည်။

"ဝင်လာခဲ့ကြ၊ ဒီနေရာက အမိုက်စားပဲ"

ဟုပြောနေသလို ဂူထဲပြေးဝင်လိုက်၊ ပြန်ထွက်လာလိုက် လုပ်နေလေသည်။

နွယ်ပင်တွေက ဂူပေါက်ဝမှာ တွဲကျနေကာ ဂူကို ကောင်းကောင်း ကွယ်ထားသည်။ ပီတာက ချုံပင်တွေကို ဆွဲနုတ်ရင်း -

ပီတာ။ ။"ဒါတွေက ခန်းဆီးလိုပဲ၊ ကြည့် အခု ဂူကိုကောင်းကောင်းမြင်ရပြီ ဟုတ်လား"

အားလုံးက ခေါင်းငုံ့၍ ဂူတွင်းကို လှမ်းကြည့်လိုက်ကြသည်။ ဒါက သေချာပေါက် အမိုက်စားဂူ ဖြစ်သည်။

ဂျက်။ ။"နူးညံ့တဲ့ သဲကြမ်းပြင်လေးနဲ့ ကျယ်ကျယ်ဝန်းဝန်းရှိတယ်၊ မင်း ဘာလို့ ဒီနေရာကို သက်သောင့်သက်သာ မဖြစ်ဘူးပြောလဲ။ ငါ နားမလည်တော့ဘူး ပီတာရေ၊ သဲတွေက ဒီလောက် ထိုင်လို့ ကောင်းတာကို"

ပီတာ။ ။"အိုး… ငါနဲ့ ဂျဲနက် အကြံပြုချက်အတွက် မကောင်းတာ တစ်ခုတော့ ထည့်ပြောရမှာမို့လို့ပါ"

အခုတော့ သူတို့ အားလုံး ဂူထဲ ရောက်နေကြလေပြီ။ ပင်မ်က သဲတွေပေါ် ပစ်လှဲချလိုက်သည်။ သဲတွေက အလွန်နူးညံ့လှသည်။

mgyoe.com

mgyoe.com SAMPLE BOOK



ပင်မ်။ ။"ကောင်းလိုက်တာ၊ ငါတော့ ဒီသဲထဲပေါ်မှာ အိပ်ပစ်လိုက်ချင်တယ်၊ ငါကိုယ်ကို သဲပေါ် လှဲချပြီး ချစ်စရာ အိပ်ရာလေး လုပ်လိုက်ချင်တယ်၊ ဒါဟာ ရိုးစင်းပြီး အံ့သြစရာ ကောင်းတဲ့ အစည်းအဝေးခန်းလေးပဲလို့ ငါ ထင်တယ်"

"ဘယ်သူမှ ဒီနေရာကို ရှာတွေ့မှာ မဟုတ်ဘူး" ဟု ဂျော့က ဘေးဘီကြည့်ရင်း ပြောလိုက်သည်။

"နေရာက နည်းနည်းတော့ မှောင်တာတစ်ခုပဲ ရှိတယ်၊ အပေါက်ဝက အစိမ်းရောင်ခန်းဆီးတွေက အဲဒီလို မှောင်အောင် လုပ်ထားတာ"

ဂျဲနက်က လိုလိုလားလားပင် ခန်းဆီးတွေကို ထဖယ်လိုက်သည်။ ဂူအတွင်းသို့ နေရောင် ဝင်ရောက်လာသည်။

ကောလင်း။ ။"ကောင်းတယ်၊ ငါတို့ လျှို့ဝှက်အစည်းအဝေးလုပ်တဲ့အချိန်ကျရင် ခန်းဆီးပင်တွေကို ပြန်ချထားလို့ရတယ်၊ မကောင်းဘူးလား၊ ဒီဂူက ရယ်ဒီမိတ် ခန်းဆီးတွေနဲ့"

ဘာဘရာ။ ။"ပြီးတော့ ကြည့်စမ်း ကျောက်အမိုးတွေ ရှိတယ်၊ ဒီနေရာက မြင့်လို့၊ ဟိုနေရာက နိမ့်လို့၊ ပြီးတော့ ပတ်ပတ်လည် နံရံမှာလည်း ကျောက်သားစင်လေးတွေ ရှိတယ်၊ အဲဒီပေါ်ကို ငါတို့ ပစ္စည်းလေးတွေ တင်ထားလို့ရတယ်၊ ဒီကို ငါတို့ ပစ္စည်းမျိုးစုံ ယူလာမှာ မဟုတ်လား၊ အီစတာ အားလပ်ရက်တစ်ခုလုံး ဒီဂူကို သုံးရမယ်လို့ ငါထင်တယ်၊ ဒါကြောင့် အိမ်လိုမျိုး အစည်းအဝေး ခန်းလေး လုပ်ကြမလား"

mgyoe.com